MPS MILWAUKEE PUBLIC SCHOOLS

UWM SCHOOL OF EDUCATION

သို့ - မိဘ သို့မဟုတ် အုပ်ထိန်းသူ

ယခုနှစ်အတွင်းသင့်ကလေးကျောင်းမှ အသုံးပြုသည့် စစ်တမ်းကောက်ယူမှုအကြောင်းကိုကျွန်ုပ်တို့မှ သင့်အားအသိပေးလို၍ ဤစာကိုရေးသားလိုက်ရခြင်းဖြစ်သည်။ ဤစစ်တမ်းကောက်ယူမှုအစီအစဉ်ကို မီဝါကီး (MPS) နှင့် ဝစ်ကိုစင်-မီဝါကီး (UWM) တက္ကသိုလ်တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ စစ်တမ်းကောက်ယူမှုတွင် ကျောင်းသားများအား ၎င်းတို့ဆရာများ၏ ပံ့ပိုးမှုများ၊ ကျောင်း၌ မည်သို့လုံခြုံစွာခံစားရမှု၊ ကျောင်းတွင်းလုပ်ဆောင်ချက်များနှင့် အနာဂတ်အတွက် အစီအစဉ်များနှင့်ပတ်သက်သည့် အတွေ့အကြုံများနှင့် စိတ်ခံစားမှုများကို မေးမြန်းထားခြင်းဖြစ်သည်။ ထိုသို့သော အချက်အလက်များကို ကျောင်းသားများထံမှ တိုက်ရိုက်ရရှိခြင်းသည် ကျောင်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များ အတွက် အလွန်အရေးကြီးသည်။

ကျောင်းသားအားလုံး၏ အဖြေများကို လျှို့ဝှက်စွာထိန်းသိမ်းထားမည်ဖြစ်သည်။ ဤစစ်တမ်းကောက်ယူမှုနှင့်ပတ်သက်ပြီး ကျောင်းနှင့် ခရိုင်သို့တင်ပြသည့်အစီရင်ခံစာများအတွင်း ကျောင်းသားအမည်များကို ထည့်သွင်းဖော်ပြမည်မဟုတ်ပါ။

ဤစစ်တမ်းကောက်ယူမှုနှင့်ပတ်သက်ပြီး အချက်အလက်ထပ်မံသိရှိလိုပါက http://uwm.edu/udisp တွင် ဝင်ရောက် ကြည့်ရှုနိုင်ပြီး သို့မဟုတ် သင့်ကလေးကျောင်းအုပ်နှင့် တွေ့ဆုံစကားပြောဆိုနိုင်သည်။ ကျောင်းသားကာကွယ် စောင့်ရှောက်ရေးအက်ဥပဒေ 20 U.S.C. Section 1232(c)(1)(A) အရ သင့်ကလေးအား မေးမြန်းခဲ့သည့်မေးခွန်းများ ကို စစ်ဆေးကြည့်ရှုရန်အခွင့်အရေး သင့်မှာရှိသည်ကို သတိပြုပါ။ စစ်ဆေးကြည့်ရှုလိုပါက စစ်တမ်းမိတ္တူကို http://uwm.edu/udisp တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

သင့်ကလေးသည် ဤစစ်တမ်းကောက်ယူမှုတွင် မဖြစ်မနေ ပါဝင်ရန်မလိုအပ်ပါ။ သင့်ကလေးအား ဤ စစ်တမ်းကောက်ယူမှုတွင် မပါဝင်စေလိုပါက သင့်ကလေးကျောင်းသို့ ကျေးဇူးပြု၍ အကြောင်းကြားပါ။

ကျေးဇူးတင်ပါသည်။